MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED

# RISK MANAGEMENT POLICY

# RISK MANAGEMENT POLICY

## Statement of Policy

A "risk" is defined as anything that threatens to prevent MAEX from achieving its business objectives. It is the policy of MAEX to ensure that the risks are identified, analysed and managed systematically and appropriately. Risk management within MAEX is aimed to be comprehensive, systematic and continually improved and based on continuous monitoring of possible business risks at all time.

MAEX promotes a risk management culture embedding values, principles, compliance and internal control systems in its day-to-day operations. Ongoing communication, education, monitoring and mitigation which are an integral part of the MAEX's risk management culture.

## Approach to Risk Management

The Board considers it essential that the various categories of risk are clearly identified and that appropriate senior management accountability is designated, which together with adequate risk management processes, ensures that the need to be conscious of and identify risk is part of the embedded management processes in MAEX.Due diligence exercises and investment assessmets are carried out on potential business opportunities to ensure that financial, operational and strategic risks are identified and mitigated prior to commitment. In addition, MAEX emphasizes on following key categories of risks:

1. Business development (Strategies/practices, joint ventures, acquisition and disposals)
2. Financial management, cash flow and debt management
3. Operational performance
4. Statutory responsibilities
5. Health and Safety
6. Environment
7. Reputation

The Board considers it essential that all levels of management and employees have knowledge of and are made aware of the types of risks involved in both planning activities and day to day performance aspects of the business. Apart from senior management accountability, every employee is responsible for managing risks in his or her work supported as necessary by expert advice and assistance, both internal and external. It is the Board's aim to engender a culture in which risks are communicated to appropriate levels in MAEX and information on risk is shared through effective communication. This enables appropriate action to be identified and taken.

## Risk Management Process

Risk analysis identifies the risks to which MAEX is exposed, the basic causes of each risk, the impact of its potential realization and assesses how that risk should be managed. This includes analysis of MAEX's operating environment, business processes and information used in decision making. Any negative consequences of taking a risk are compared with the benefit derived from it and decisions are made accordingly.

Following risk analysis procedure, MAEX shall determine whether the risk is acceptable. If it is decided that the risk is to be taken, then an assessment shall be made as to how the risk is to be managed, which may be by one or more of the following methods:

- Acceptance of the risk (i.e. do nothing)
- Transfer of the risk to a third party (e.g. insurance or outsourcing)
- Reduction of the risk (its impact or likelihood) through internal controls.
- If a control system is adopted it should be assessed regularly and if necessary, improved.
- Details of the main risks that have been identified and the control systems applicable to themshould be recorded in a risk register. This is continuously monitored and updated. Thefunction of the risk register is to:
- Identify and prioritize the significant risks faced by MAEX
- Identify owners for each risk
- Set out methods by which each risk is managed
- Set out any action plan required to improve control mechanisms.

**Responsibility for Risk Management**

The Board is responsible for identifying and managing the risks arising from the strategic objectives and policies which it sets. In addition, the Board has overall responsibility for managing risks. The Board shall, on a quarterly basis, monitor and, where necessary, act upon the aggregation of risks across MAEX and the efficacy of the risk management process, including the actions to be taken. In addition, the Board shall undertake a formal annual review to make proper decision.

Except in relation to the risks for which the Board has retained direct responsibility, the Board has delegated the responsibility for implementing the process of risk management to operational CEO. The responsibility is allocated in each and every concerned committee and department as well as business units. Operational CEO is responsible for ensuring that:

- The process of risk management is operated within the approval risk management policy framework and that it is implemented satisfactorily.
- Key risks are identified and assessed, that management responsibility is properly allocated and that monitoring is carried out to ensure that risks remain adequately identified, analysed and controlled.
- Each business unit Executive Director/Chief Executives or other identified risk owner shall be responsible for:
- Regularly reviewing the risk register and ensuring that the risk management processes and control systems in their area are appropriate.
- Developing an open and transparent culture for the identification and management of risk and encouraging employees to instil risk awareness in their behaviour.

- Demonstrating that risk issues and any new risks are considered, via an explicit item on the Leadership Teams' agenda.
- Ensuring ownership of risks is properly allocated to permit clear responsibility for controls and action plans.
- Ensuring that support and assistance is provided to all employees in fulfilling their individual risk management duties.
- Ensuring that appropriate employees are aware of the key risk issues facing MAEX.
- Providing quarterly reports on risk management activities to Board which should aim to assess the risks in the area covered and identify steps to mitigate such risks. Each employee shall, in the context of their business unit objectives, be responsible for:
- Identifying risks surrounding their work.
- Implementing and operation controls over those risks through application of MAEX policy and processes.
- Highlighting any areas for concern (e.g. new risks, internal control weaknesses or breakdown) through normal management controls.

The management committee will be responsible for monitoring and overseeing the operations of the risk management process. Risk monitoring aims to review the quarterly reports receives from operational management, to consider and, where necessary, make recommendations or changes to improve the effectiveness of MAEX's internal controls.

Undertake an annual assessment, the results of which will be reported to the Audit Committee, to enable the Board to make its annual statement on internal control. In this context, the management committee aims to consider, in particular, any changes in the risk profile of MAEX, the scope and quality of the ongoing management of risk and internal control and the extent and effectiveness of the regular reporting and monitoring process.

## The Role of Audit Committee in Risk Management

It is the responsibility of the Audit Committee to review the systems which are in place and to provide assurance to the Board that the process of risk management is operating effectively.The internal audit plays a main to ensure the successful accomplishment of the business objectives of MAEX by bringing a systematic, disciplined approach to evaluate and improve the effectiveness of risk management, control and governance processes which include:

- Evaluate the system of internal controls
- Recommend operational/financial improvements in controls
- Assess compliance with policies and procedures
- Assess compliance with laws and contractual obligations
- Review operations/programs to ascertain whether results are consistent with established objectives and whether the operations/programs are being carried out as planned

## ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဝါဒ

## ၁။ မူဝါဒ ဖော်ပြချက်

"ဆုံးရှုံးမှု အန္တရာယ်" ဆိုသည်မှာ MAEX ၏ စီးပွားရေး ရည်မှန်းချက်များ အောင်မြင်ခြင်းကို ဟန့်တားနိုင်သည့် ခြိမ်းခြောက်မှု အားလုံးကို ဆိုသည်။ MAEX ၏ မူဝါဒသည် ဆုံးရှုံးနိုင်သည့် အန္တရာယ် များအား ဖော်ထုတ်ရန်၊ လေ့လာစိစစ်ရန် နှင့် စနစ်တကျ ကောင်းမွန်သင့်လျော်စွာ စီမံခန့်ခွဲရန် ဖြစ်ပါသည်။ MAEX၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုသည် ဆုံးရှုံးနိုင်ခြေများကို အစဉ်စောင့်ကြည့်လေ့လာနေပြီး ပြည့်စုံစနစ်ကျကာ အစဉ်တိုးတက်စေရန် ရည်ရွယ်ပါသည်။

တန်ဖိုးထားမှုများ၊ မူဘောင်များ၊ နည်းဥပဒေများကို လိုက်နာမှုများနှင့် လုပ်ငန်းတွင်း နေ့စဉ်လည်ပတ်ရာတွင် စောင့်ကြည့်ထိန်းချုပ်မှု စနစ်များဖြင့် ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲပါသည်။

သတင်းအချက်အလက်များ ပေးပို့ဆက်သွယ်ခြင်း၊ ပညာပေးခြင်း၊ စောင့်ကြည့်ထိန်းချုပ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေကို လျှော့ချခြင်းများသည် MAEX၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၏ အရေးကြီးသော အစိတ်အပိုင်းများ ဖြစ်ပါသည်။

## ၂။ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအား ချဉ်းကပ်ခြင်း

ဘုတ်အဖွဲ့သည် ဆုံးရှုံးနိုင်သည့် အန္တရာယ် အမျိုးမျိုးအား ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ရန်နှင့် သင့်လျော်သည့် အကြီးတန်းစီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ခံမှုများအား သတ်မှတ်ထားရှိရန် ၊ သင့်လျော်သည့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု လုပ်ငန်းစဉ် များနှင့်အတူ MAEX ၏ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် ဆုံးရှုံးနိုင်မှု ဖော်ထုတ်ခြင်းအား အစိတ်အပိုင်း တစ်ရပ်အဖြစ် ထည့်သွင်းရန်နှင့် ဆုံးရှုံးနိုင်သည့် အန္တရာယ်များအား အစဉ်အမြဲ သတိရှိနေစေရန် လိုအပ်ပါသည်။ အလားအလာရှိသည့် စီးပွားရေး အခွင့်အလမ်းများကို မလုပ်ဆောင်မီ လေ့လာသုံးသပ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှု အကဲဖြတ်ခြင်းများကို ပြုလုပ်ခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာနှင့် မဟာဗျူဟာအရ စွန့်စားရမှုများကို ရှာဖွေဖော်ထုတ်ပြီး ၎င်းစွန့်စားရမှုများကို လျှော့နည်းစေပါသည်။ ထို့အပြင် အောက်ပါ အဓိက စွန့်စားရမှုများကို MAEXမှ အလေးထား သတိပြုလျက်ရှိပါသည်။

၁။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း(မဟာဗျူဟာ/လက်တွေ့၊ ဖက်စပ်၊ သိမ်းယူခြင်းနှင့် စွန့်လွှတ်ခြင်း)

၂။ ဘဏ္ဍာရေး စီမံခန့်ခွဲမှု ၊ ငွေသားစီးဆင်းမှုနှင့် ကြွေးမြီ စီမံခန့်ခွဲမှု

၃။ လုပ်ငန်းဆောင်ရွက်မှု စွမ်းဆောင်ရည်

၄။ ပြဋ္ဌာန်းချက်အရ တာဝန်ယူမှုများ

၅။ ကျန်းမာရေးနှင့် လုံခြုံရေး

၆။ သဘာဝပတ်ဝန်းကျင်

၇။ ဂုဏ်သိက္ခာ

စီမံခန့်ခွဲမှုအဆင့်တိုင်းနှင့် ဝန်ထမ်းအားလုံးတို့တွင် စီးပွားရေးကဏ္ဍအရ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုများနှင့် နိစ္စဓူဝ လုပ်ငန်းဆောင်ရွက်မှုများတွင် ဆုံးရှုံးနိုင်သည့် အန္တရာယ် အမျိုးအစားများအကြောင်း အသိပညာနှင့် နားလည်သဘောပေါက်စေရန် ဘုတ်အဖွဲ့မှ စဉ်းစားထား ပါသည်။ အကြီးတန်းစီမံခန့်ခွဲမှု တာဝန်ခံခြင်းမှ လွဲ၍ ဝန်ထမ်းတိုင်းသည် သူ (သို့မဟုတ်) သူမ၏ အလုပ်အား ဌာနတွင်း(သို့မဟုတ်)ဌာနပြင်ပ နှစ်ခုလုံးမှလိုအပ်သည့် ကျွမ်းကျင်သူများ၏ အကြံပြုချက်နှင့် အကူအညီများဖြင့် ဆုံးရှုံးနိုင်မှုအား စီမံခန့်ခွဲရန် တာဝန်ရှိသည်။ ဘုတ်အဖွဲ့၏ ရည်ရွယ်ချက်သည် ဆုံးရှုံးနိုင်သည့် အန္တရာယ်များအား သင့်လျော်သည့်အဆင့်မှ ဆက်သွယ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေဆိုင်ရာ သတင်းအချက်အလက်များအား ထိရောက်သည့်ဆက်သွယ်ရေးမှ

တစ်ဆင့်မျှဝေရန် ထိုမှတဆင့်ဖော်ထုတ်ရန်နှင့်ရယူရန် သင့်လျော်သည့် လုပ်ငန်းဆောင်ရွက်မှုများ ဖြစ်စေပါသည်။

## ၃။ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်

ဆုံးရှုံးနိုင်သည့်အန္တရာယ် လေ့လာဆန်းစစ်ခြင်းတွင် MAEX မှ ကြုံတွေ့ရနိုင်သည့် ဆုံးရှုံးနိုင်ခြေများအား ဖော်ထုတ်ခြင်း၊ ဆုံးရှုံးနိုင်ခြေ တစ်ခုချင်း၏ အကြောင်းရင်း၊ ဆုံးရှုံးနိုင်မှု အလားအလာနှင့် ဆုံးရှုံးနိုင်ခြေအား မည်သို့စီမံခန့်ခွဲနိုင်မည်အား လေ့လာဆန်းစစ်ခြင်းများ ပါဝင်ပါသည်။ MAEX ၏ လုပ်ငန်းဆောင်ရွက်မှု ပတ်ဝန်းကျင်၊ စီးပွားရေး လုပ်ငန်းစဉ်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အသုံးပြုမည့် သတင်းအချက်အလက်များအား လေ့လာဆန်းစစ်မှုများပါဝင်ပါသည်။ ဆုံးရှုံးနိုင်မှုကြောင့် မည်သည့် အနှုတ်လက္ခဏာ ဆောင်သည့် အကျိုးဆက်မဆိုအား ရရှိနိုင်မည့် အကျိုးအမြတ်နှင့် နှိုင်းယှဉ်၍ ထိုမှတစ်ဆင့် ဆုံးဖြတ်ချက် ချမှတ်ရမည်။

MAEX သည် အောက်ပါ ဆုံးရှုံးနိုင်ခြေ ဆန်းစစ်မှုလုပ်ထုံးလုပ်နည်းများအရ ဆုံးရှုံးနိုင်မှု အန္တရာယ်များအား လက်ခံနိုင်မှုရှိ မရှိ သတ်မှတ်ရမည်။ အကယ်၍ ဆုံးရှုံးနိုင်မှုအန္တရာယ်အား လက်ခံပါက အဆိုပါ ဆုံးရှုံးနိုင်မှုအား မည်သို့ စီမံခန့်ခွဲမည်ကို ဆန်းစစ်မှု ပြုလုပ်ရမည်။ အောက်ပါ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော နည်းလမ်းများဖြင့်

- ဆုံးရှုံးနိုင်မှု အန္တရာယ်အား လက်ခံခြင်း (လုပ်ဆောင်မှုမပြုခြင်း)
- ဆုံးရှုံးနိုင်မှု အန္တရာယ်အား တတိယပုဂ္ဂိုလ်/အဖွဲ့အစည်း ထံ လွှဲပြောင်းခြင်း (အာမခံထားရှိခြင်း သို့မဟုတ် outsourcing ပြုလုပ်ခြင်း)
- ဌာနတွင်း ထိန်းချုပ်မှုများမှတစ်ဆင့် ဆုံးရှုံးနိုင်မှု အန္တရာယ်အားလျော့ချခြင်း (၎င်း၏သက် ရောက်မှု (သို့မဟုတ် )အလေ့အထ)
- အကယ်၍ ထိန်းချုပ်မှုစနစ်အား ချမှတ်ပြီးပါက ပုံမှန်ဆန်းစစ်ရမည်၊ အကယ်၍ လိုအပ်ပါက မြှင့်တင်ရမည်။
- အဓိက ဆုံးရှုံးနိုင်မှု အန္တရာယ်များ၏ အသေးစိတ်အချက်အလက်များအား ဖော်ထုတ်ထားရှိပြီး၊ အဆိုပါ ဆုံးရှုံးနိုင်မှု အန္တရာယ်အားထိန်းချုပ်နိုင်မည့်စနစ်များအား ဆုံးရှုံးနိုင်မှု မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ထားရှိရမည်။ အဆိုပါမှတ်ပုံတင်စာအုပ်အား အစဉ်မပြတ် စောင့်ကြည့်၍ ပြုပြင်ရမည်။

ဆုံးရှုံးနိုင်မှု အန္တရာယ်ကို မှတ်ပုံတင်ခြင်း၏ အကြောင်းရင်းမှာ

- MAEX ရင်ဆိုင်နေရသည့် ဆုံးရှုံးနိုင်မှု အန္တရာယ်များအား ဖော်ထုတ်၍ ဦးစားပေး အဆင့်အတန်း များ ထားရှိရမည်။
- ဆုံးရှုံးနိုင်မှု အန္တရာယ် တစ်ခုချင်းစီ၏ အခြေခံအချက်အလက်များ ဖော်ထုတ်ခြင်း
- ဆုံးရှုံးနိုင်မှု အန္တရာယ် တစ်ခုချင်းစီအား စီမံခန့်ခွဲသည့် နည်းလမ်းများ ချမှတ်ခြင်း
- ထိန်းချုပ်သည့် ယန္တယား ပိုမိုတိုးတက် ကောင်းမွန်လာစေရန် လိုအပ်သည့် လုပ်ငန်းဆောင်ရွက် မည့် စီမံချက်ချမှတ်ခြင်း

## ၄။ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအတွက် တာဝန်ယူခြင်း

ဘုတ်အဖွဲ့သည် မဟာဗျူဟာ ရည်ရွယ်ချက်များနှင့် မူဝါဒများချမှတ်ခြင်းမှ ပေါ်ပေါက်လာသည့် ဆုံးရှုံးနိုင်မှု အန္တရာယ်အား ဖော်ထုတ်ရန်နှင့် စီမံခန့်ခွဲရန် တာဝန်ရှိသည်။ ထပ်မံ၍ ဘုတ်အဖွဲ့၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု တစ်ရပ်လုံးနှင့်စပ်လျဉ်း၍ တာဝန်ရှိသည်။ ဘုတ်အဖွဲ့သည် MAEX အပေါ် ကျရောက်နိုင်သည့် ဆုံးရှုံးနိုင်ခြေ အားလုံးနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၏ ထိရောက်မှုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအပါအဝင် သုံးလတစ်ကြိမ် စောင့်ကြည့်ခြင်းနှင့် လိုအပ်ပါက ဝင်ရောက် ဆောင်ရွက်ခြင်း ပြုရမည်။ ထပ်မံ၍ ဘုတ်အဖွဲ့သည် နှစ်ပတ်လည် ပုံမှန် သုံးသပ်မှုများကို သင့်တော် ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် ဆောင်ရွက်ရမည်။

ဘုတ်အဖွဲ့မှ တိုက်ရိုက်တာဝန်ခံရန် ထိန်းသိမ်းထားသည့် ဆုံးရှုံးနိုင်ခြေများမှလွဲ၍ ဘုတ်အဖွဲ့သည် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုလုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်း တာဝန်ဝတ္တရားအား လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အမှုဆောင်အရာရှိချုပ်ထံ တာဝန်လွှဲအပ်နိုင်သည်။ အဆိုပါတာဝန်ဝတ္တရား အား သက်ဆိုင်သည့် ကော်မတီနှင့် စီးပွားရေးဆောင်ရွက်သည့် ယူနစ်အပါအဝင် ဌာနများတစ်ခုချင်းနှင့် ဌာနအားလုံးထံ ခွဲဝေချထားနိုင်သည်။ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အမှုဆောင်အရာရှိချုပ်သည် -

- ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်အား အတည်ပြုထားသည့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း မူဝါဒ အတွင်း လုပ်ငန်းဆောင်ရွက်ရန် နှင့် ကျေနပ်မှုရှိသည် အထိ အကောင်အထည်ဖော်ရန်
- အဓိက ကျသည့် ဆုံးရှုံးနိုင်ခြေများအား ဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်း၊ စီမံခန့်ခွဲရန် တာဝန်အား သင့်လျော်မှုရှိရှိ ခွဲဝေချထားရန်နှင့် ဆုံးရှုံးနိုင်မှု အန္တရာယ်များအား သင့်လျော်ကောင်းမွန်စွာ ဖော်ထုတ်ရန်၊ ဆန်းစစ်နှင့် ထိန်းချုပ်ရန်
- စီးပွားရေး ယူနစ်၏ အမှုဆောင်ဒါရိုက်တာ/အရာရှိချုပ်များသို့မဟုတ် အခြား ဆုံးရှုံးမှု အန္တရာယ် ဖြစ်ပေါ်လာမှုကို လိုအပ်သလို ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ဖော်ထုတ်ထားသူ များသည် အောက်ပါ တို့ကို ဂရုပြုဆောင်ရွက်ရမည်။
- ဆုံးရှုံးနိုင်ခြေ မှတ်ပုံတင်စာရင်းအား ပုံမှန်သုံးသပ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုလုပ်ငန်းစဉ် နှင့် ထိန်းချုပ်ရေး စနစ် သည် ၎င်းတို့ရင်ဆိုင်နေရသည့် ဧရိယာနှင့် သင့်တော်ခြင်းရှိမရှိ
- ဆုံးရှုံးမှုစီမံခန့်ခွဲခြင်းနှင့် အသိအမှတ်ပြုဖော်ထုတ်ခြင်းအတွက် ပွင့်လင်းမြင်သာသော ယဉ်ကျေးမှု တစ်ရပ် ဖြစ်ပေါ်လာစေရန်နှင့် ဝန်ထမ်းများအား ၎င်းတို့၏ အပြုအမူများတွင် ဆုံးရှုံးနိုင်မှု ဆိုင်ရာ အသိပညာများ စိမ့်ဝင်လာစေရန်
- ဦးဆောင်အဖွဲ့၏ လုပ်ငန်းစဉ်တွင် အတိအလင်းဖော်ပြထာသည့် ဆုံးရှုံးနိုင်မှု ပြဿနာများအား သရုပ်ပြသင်ကြားခြင်းနှင့် ဆုံးရှုံးနိုင်မှုအသစ်ဖြစ်ပေါ်လာနိုင်မှုအား ထည့်သွင်းစဉ်းစားခြင်း
- ဆုံးရှုံးမှု အန္တရာယ် ဖြစ်ပေါ်လာမှုကို လိုအပ်သလို ဆောင်ရွက်ရန် တာဝန်ရှိသူသည် ထိန်းချုပ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ အစီအမံများအတွက် တာဝန်ရှိမှုအား ရှင်းလင်းတိကျစွာ ခွဲဝေချထားကြောင်း သေချာစေခြင်း
- ဝန်ထမ်းအားလုံးသည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု တာဝန်များအား ၎င်းတို့တစ်ဦးချင်း ဆောင်ရွက်ရာတွင် လိုအပ်သည့် အကူအညီနှင့် အထောက်အပံ့များ ဖြည့်ဆည်းပေးနိုင်မှုကို သေချာစေခြင်း
- သင့်လျော်သည့်ဝန်ထမ်းများသည် MAEX မှ အဓိက ရင်ဆိုင်ကြုံတွေ့နေရသည့် ဆုံးရှုံးနိုင်မှုများအား သိမြင်သဘောပေါက်လာစေရန်

- ဆုံးရှုံးနိုင်မှုများအား သက်သာလျော့ပါစေရန် ဆောင်ရွက်မည့် အဆင့်များ ဖော်ထုတ်ခြင်းနှင့် ဆုံးရှုံးနိုင်မည့် ဧရိယာတစ်ခုလုံးအား လွှမ်းခြုံနိုင်မှုကို ရည်ရွယ်၍ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်မှုများအား ဘုတ်အဖွဲ့သို့ သုံးလတစ်ကြိမ် အစီရင်ခံရမည်
- လုပ်ငန်းတည်ရှိရာ ပတ်ဝန်းကျင်ရှိ ဆုံးရှုံးနိုင်မှု အန္တရာယ်များအား ဖော်ထုတ်ခြင်း
- MAEX မှ ချမှတ်ထားသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ကျင့်သုံးခြင်းမှ အဆိုပါ ဆုံးရှုံးနိုင်မှု အန္တရာယ်များအပေါ် ထိန်းချုပ်မည့် လုပ်ငန်းများ အကောင်အထည်ဖော်ခြင်း
- သက်ဆိုင်သည့် ဧရိယာများ(ဥပမာ၊ ဆုံးရှုံးမှုအသစ်များ၊ ဌာနတွင်းထိန်းချုပ်မှု ကျဆုံးခြင်း သို့မဟုတ် အားနည်းနေခြင်း)အား ပုံမှန်စီမံခန့်ခွဲခြင်းဆိုင်ရာ ထိန်းချုပ်မှုများမှ တစ်ဆင့် မီးမောင်းထိုးခြင်းများ ဆောင်ရွက်ရန် တာဝန်ရှိသည်။

စီမံခန့်ခွဲရေးကော်မတီသည် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ် ဆောင်ရွက်မှုအား အထက်စည်းမှ စောင့်ကြပ်ကြည့်ရှုရန် တာဝန်ရှိသည်။လုပ်ငန်းလည်ပတ်ရေး စီမံခန့်ခွဲသူများထံမှသုံးလတစ်ကြိမ်တင်ပြလာသည့် အစီရင်ခံစာများအား သုံးသပ်ခြင်းပြုရန် ရည်ရွယ်သည်။ လိုအပ်ပါက MAEX ၏ ဌာနတွင်း စီမံခန့်ခွဲမှုများ ထိရောက်မှုရှိစေရန် အကြံပြုခြင်း (သို့မဟုတ်) ပြုပြင်ပြောင်းလဲခြင်းများ ပြုနိုင်သည်။

နှစ်စဉ်ဆန်းစစ်မှုမှုများ ဆောင်ရွက်ရာတွင် ဘုတ်အဖွဲ့မှ ဌာနတွင်းထိန်းချုပ်မှုနှင့် စပ်လျဉ်း၍ နှစ်စဉ်ထုတ်ပြန်ချက်များထုတ်ပြန်နိုင်ရန် စာရင်းစစ်ကော်မတီထံသို့ ရလဒ်များအား အစီရင်ခံတင်ပြရမည်။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီသည် အထူးသဖြင့် MAEX ၏ risk profile တွင် ပြောင်းလဲမှုများနှင့် စီမံခန့်ခွဲမှုနှင့်ဌာနတွင်းထိန်းချုပ်မှုတို့၏ အရည်အသွေးနှင့် ပုံမှန်အစီရင်ခံခြင်းနှင့် စောင့်ကြည့်ကွပ်ကဲခြင်းလုပ်ငန်းစဉ်၏ ထိရောက်မှုအား ထည့်သွင်းစဉ်းစားရန် ရည်ရွယ်သည်။

## ၅။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုတွင် စာရင်းစစ်ကော်မတီ၏ အခန်းကဏ္ဍ

စာရင်းစစ်ကော်မတီသည် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အားဘုတ်အဖွဲ့မှ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်မှုကို အာမခံပေးနိုင်မည့် စနစ်အား သုံးသပ်ရန် တာဝန်ရှိသည်။

ကုမ္ပဏီတွင်း စာရင်းစစ်အဖွဲ့သည် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၊ ထိန်းချုပ်မှုနှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်ကို စနစ်တကျနှင့် စည်းကမ်းကျနစွာ လုပ်ဆောင်ခြင်းအားဖြင့် MAEX၏ စီးပွားရေးအောင်မြင်မှုအတွက် အဓိကတာဝန်ရှိသည်။ ထိုသို့လုပ်ဆောင်ရာတွင်

- ကုမ္ပဏီတွင်းထိန်းချုပ်မှုစနစ်ကို လေ့လာသုံးသပ်ခြင်း၊
- ထိန်းချုပ်မှုစနစ်အတွက်လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ(သို့မဟုတ်) ဘဏ္ဍာရေးဆိုင်ရာတိုးတက်မှုများအကြံပြုခြင်း၊
- မူဝါဒနှင့် လုပ်ငန်းစဉ်များ လိုက်နာမှု ရှိမရှိ စစ်ဆေးခြင်း၊
- ဥပဒေနှင့်စာချုပ်စာတမ်းပါ အချက်အလက်များ လိုက်နာမှုရှိမရှိစစ်ဆေးခြင်း၊
- လုပ်ငန်းလည်ပတ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ၏ ရလဒ်များသည် ကြိုတင်စီစဉ် မျှော်မှန်းထားသည့်အတိုင်း ဖြစ်မဖြစ်နှင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်ခြင်းရှိမရှိကို စစ်ဆေးခြင်း၊ တို့ပါဝင်သည်။